ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၁၅) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၆.၈၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ဆက်လက်ကျင်းပ ပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁-၄-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက် နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်

အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးချုပ်ဉာဏ်ဇော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေါ်ရှီလာနန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)၊ ဦးဇခုန်တိန့်ယိန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)နဲ့ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ခွင့်ပန်ကြား သူ(၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၇)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်း နှင့် ယနေ့ ခွင့်ပန်ကြားသူများကို ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ (၇)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံးနဲ့ ဒီနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးဖြစ်တဲ့ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ ဖတ်ကြားရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က ဦးအောင်ကြည်ညွန့် ကနေပြီးတော့ ဒီလွှတ်တော်ကြီးမှာ မနေ့ကပဲ တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ မနေ့ကပဲ ဒီဥပဒေကြမ်း အပေါ်မှာ ဆွေးနွေးပြီးတော့ ညှိနှိုင်းခဲ့ပါတယ်။ ဒီလို ညှိနှိုင်းတဲ့အခါမှာ လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်။ ဒီဥပဒေကြမ်းကို လေ့လာစိစစ်တဲ့အခါမှာ ရည်ရွယ်ချက်(၄)ချက်နဲ့ တင်သွင်းခဲ့ပါတယ် ဆိုတာကို တွေ့ရှိရပါတယ်။ ပထမဆုံး ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ပါတီစုံ ဒီမိုကရေစီစနစ် တည်တံ့ထွန်းကားရေးအတွက် ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးပြီးတော့ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် တည်ဆောက်နိုင်ရေးဆိုတဲ့အချက် ဖြစ်ပါတယ်။ တတိယအချက်ကတော့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ဆောက်နိုင်ရေးအတွက် ဖြစ်ပါတယ်။ စတုတ္ထအချက်ကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲတင်သွင်းခဲ့ခြင်းဖြစ်တယ်ဆိုတာကို ဥပဒေကြမ်းကော်မတီအနေနဲ့ လေ့လာသုံးသပ်ရရှိပါတယ်။ ဥပဒေကြမ်းရဲ့ ခုနတင်ပြသွားတဲ့ ရည်ရွယ်ချက်တွေကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နောက်တစ်ခုကတော့ ကျွန်တော်တို့ အများသိတဲ့အတိုင်းပါပဲ ၂၀၁၅ ခုနှစ်

နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူအများစုက ယုံကြည်အားကိုးပြီးတော့ တစ်ခဲနက် ထောက်ခံမဲ ပေးခဲ့ကြပါတယ်။ အဲဒီအတွက် ကြောင့်မို့လို့ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ မျှော်မှန်းချက်နဲ့ အကျိုးစီးပွားကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ကနေပြီးတော့ ပံ့ပိုးဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်က သင့်လျော်တဲ့ပုဂ္ဂိုလ်ကို ဥပဒေကြမ်းရဲ့ အပိုဒ် ၄ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်ပေးအပ်ရန် ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြလိုတာကတော့ ဥပဒေရဲ့အမည်ကိုက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်ပါတယ်။ နောက် ဥပဒေကြမ်းမှာဖော်ပြထားတဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေထဲမှာလည်း အကြံပြုချက်များ ပေးအပ်ခြင်းပဲရှိပါတယ်။ အကြံပြုချက်ပေးတယ်ဆိုတာက ဆုံးဖြတ်ချက် ချမှတ်တာလည်း မဟုတ်ပါဘူး။ လမ်းညွှန်မှုပြုတာလည်း မဟုတ်ပါဘူး။ ဒီဟာလေးကိုတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ လွှတ်တော်ကြီးကို လေးစားစွာနဲ့ တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့ တင်ပြရမယ်ဆိုရင်တော့ ဒီဥပဒေကြမ်းဟာ ပြည်သူတွေရဲ့ ဆန္ဒအရ ပြောင်းလဲဖြစ်ထွန်းလာတဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့သစ်တို့ အပါအဝင် သက်ဆိုင်ရာအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ။ ထပ်မံတင်ပြပါမယ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်သည့် အကြံပြုချက်များပေးအပ်၍ အဆိုပါအကြံပြုချက်များ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဆိုလိုတဲ့သဘောကတော့ ကျွန်တော်တို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ အကြံပြုချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်း မရှိဘူးဆိုတာဟာ ဒီဥပဒေကြမ်းထဲမှာ အခိုင်အမာ ထည့်သွင်းဖော်ပြပြီး ဖြစ်တယ်ဆိုတာကို လွှတ်တော်ကြီးကို လေးစားစွာတင်ပြအပ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီဝင်အများစုအနေနဲ့ ဒီဥပဒေကြမ်းက ပြည်သူတွေရဲ့ လိုလားချက်၊ နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ပေါ်ပေါက်လာတဲ့ ဥပဒေကြမ်းဖြစ်တယ်။ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကြီး ကနေပြီးတော့ အတည်ပြု ဆောင်ရွက်သင့်ကြောင်း ဒါ ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

ဥပဒေကြမ်းကော်မတီဝင် တစ်ဦးဖြစ်တဲ့ ဒေါ်နန်းနီနီအေး အနေနဲ့ကတော့ ဥပဒေကြမ်း တင်သွင်းခြင်းကို ကန့်ကွက်ရန်မရှိသော်လည်း ဥပဒေကြမ်းကော်မတီအနေနဲ့ တင်သွင်းခြင်းကိုတော့ ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြထားတာ ရှိပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေးကတော့ အချက်(၄)ချက်ကို တင်ပြထားပါတယ်။

ပထမဦးဆုံးအချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ဖော်ပြထားသဖြင့် အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသည် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး ကဏ္ဍနှစ်ရပ်စလုံးတွင် အကျုံးဝင်နေသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ရာ ရောက်/ မရောက်။

ဒုတိယအချက်ကတော့ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးတစ်ဦး ဖြစ်နေသဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုင်ရာ လုပ်ငန်းရပ်များအတွက် မေးခွန်းထုတ်စရာ ဖြစ်/ မဖြစ်။

တတိယအချက်ကတော့ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဟု ဖော်ပြထားပြီး နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဟု ဖော်ပြထားခြင်းမရှိသဖြင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ အဆင့်သတ်မှတ်ချက်ကို တိကျစွာ ဖော်ညွှန်းနိုင်ခြင်းရှိ/ မရှိ။

နောက်ဆုံးအချက်အနေနဲ့ကတော့ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်လွှတ်တော်အသီးသီးတို့အနေနဲ့ အကြံပေးပုဂ္ဂိုလ်များခန့်အပ်ခြင်း၊ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်နိုင်တဲ့အတွက်ကြောင့်မို့လို့ ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် လိုအပ်ခြင်းရှိ/ မရှိ။ ဒီလိုမျိုး အငြင်းထွက်စရာ အချက်(၄)ချက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအကြောင်းခြင်းရာတွေပေါ် အခြေခံပြီးတော့ ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန် မသင့်ပါကြောင်း ကော်မတီမှာ ကန့်ကွက်ဆွေးနွေးခဲ့တာကို လွှတ်တော်ကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ အနှစ်ချုပ်ပြန်ပြီးတော့ ရှင်းလင်းတင်ပြရမယ်ဆိုရင် ဒီဥပဒေကြမ်းရဲ့ ပြဋ္ဌာန်းချက်ထဲမှာကို ဖွဲ့စည်းပုံအခြေခံဥပဒေကို မဆန့်ကျင်စေဘဲဆိုတဲ့ စကားရပ်ကိုလည်း သုံးနှုန်းထားပါတယ်။ နောက်ပြီးတဲ့အခါကျတော့ ကျွန်တော်တို့ ပုဒ်မ ၁၁ (က)မှာလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာ ခက်မသုံးဖြာကို Speration of power ကို ဆိုလိုတာပါ။ ဒီနေရာမှာလည်း တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းဆိုတဲ့ စကားရပ်ကို အထူးသတိပြုဖို့ လိုပါလိမ့်မယ်။ နောက် ကျွန်တော် ရှေးဦးတုန်းက တင်ပြခဲ့သလိုပါပဲ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ လုပ်ငန်း၊ တာဝန်နဲ့ ဝတ္တရားများဟာ အကြံပြုချက်များ ပေးရုံဖြစ်ပါတယ်။ ဆုံးဖြတ်ချက်များ ချမှတ်ဖို့ ၊ လမ်းညွှန်ဖို့၊ ကွပ်ကဲဖို့ ဆိုတဲ့ စကားရပ်များ ဒီဥပဒေကြမ်းမှာ ပါရှိခြင်းမရှိကြောင်းကိုလည်း လွှတ်တော်ကြီးကို လေးနက်စွာ တင်ပြလိုပါတယ်။

ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် အဖွဲ့ဝင်(၁၅)ဦးနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီကော်မတီအဖွဲ့ဝင် (၁၅)ဦးမှာ ကျွန်တော်တို့ ပါတီစုံကပုဂ္ဂိုလ်တွေ ပါပါတယ်။ အဲဒီကော်မတီဝင် (၁၅)ဦးအနက်ကနေ ကော်မတီဝင် (၁၃)ဦးကတော့ ဒီဥပဒေကြမ်းဟာ ပြည်သူတို့ရဲ့ လိုလားချက်နှင့် နိုင်ငံတော်၏လိုအပ်ချက်အရ လွှတ်တော်သို့ ရေးဆွဲတင်သွင်းခဲ့တာ ဖြစ်ပါတယ်လို့ တညီတညွတ်တည်း သဘောထားရရှိပါတယ်။ ထပ်မံပြီး ရှင်းလင်းအောင် တင်ပြရရင်တော့ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူတွေဟာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ တစ်ခဲနက် မဲရုံတွေကိုသွားပြီး လက်သန်းလေးတွေမှာ မှင်တို့ပြီး မဲပေးခဲ့ကြပါတယ်။ ပြည်သူ့အားကို အဲဒီအချိန်မှာ ပြခဲ့ကြပါတယ်။ ဒီပြည်သူတွေရဲ့ လိုလားချက်၊ ပြည်သူတွေရဲ့ ဆန္ဒကို ကျွန်တော်တို့ အကောင်အထည်ဖော်ဆောင်ပေးဖို့အချိန်အခါ ကျရောက်နေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်အနေနဲ့ ဒီဟာကို အတည်ပြုဆောင်ရွက်သင့်ပါကြောင်း ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အလေးအနက် ပန်ကြားတင်ပြအပ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်ခင်မောင်အေး ရဲ့ ကန့်ကွက်ချက်ကိုတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်

သင့်ပါကြောင်း လေးစားစွာနဲ့ တင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။ (ကြိဘာသံများ)

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) က တင်သွင်းသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့် တင်သွင်းသည့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၇)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ဆွေးနွေးရန် အချိန် (၁၀)မိနစ် ပေးပါမယ်။

ပထမဦးစွာ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၅၂၅ ဗိုလ်မှူးချုပ် ခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိတိကျကျ ပြဋ္ဌာန်းထားခြင်းမရှိတဲ့အတွက် ဆောင်ရွက်လို့ မရပါဘူးလို့ ဆိုလိုခြင်း မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ တိတိကျကျ ပြဋ္ဌာန်းခြင်းမရှိတဲ့ ကိစ္စရပ်အတွက် ဆောင်ရွက်ချင်လျှင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလို တစ်ခုခု ပြဋ္ဌာန်းရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီသာ ဖြစ်ရပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင် ကျော်လွန်ပြီးတော့ ပြဋ္ဌာန်းဆောင်ရွက်လို့ မရပါဘူး။

ယခု ဆွေးနွေးတင်ပြမယ့် အချက်တွေဟာ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာပါ ပြည်သူ လူထုရဲ့ လိုလားချက်နဲ့ နိုင်ငံတော်ရဲ့ လိုလားချက်ဆိုတဲ့ အချက်တွေကို ကန့်ကွက်နေခြင်း မဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု မရှိလို့ရှိလျှင် သဘောတူသွားမှာ ဖြစ်ပါတယ်။ ဆန့်ကျင်မှုရှိနေ တဲ့အချက်တွေကိုတော့ အကျိုးအကြောင်း အချက်အလက်တွေ ထောက်ပြပြီးတော့ ပြင်ဆင်ရေးဆွဲ သွားနိုင်ရန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်စွဲ၊ ပါတီအဖွဲ့အစည်းစွဲနဲ့ ဆွေးနွေးဆောင်ရွက်နေ ခြင်းမဟုတ်ပါကြောင်းနဲ့ နိုင်ငံတော်ရဲ့ရေရှည်အကျိုးစီးပွားအတွက် ရပ်တည်ဆောင်ရွက်ဆွေးနွေးရခြင်း ဖြစ်ပါကြောင်း ဦးစွာ တင်ပြလိုပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ကို

အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆိုပြီးတော့ပဲ ဖွင့်ဆိုထားတာကို တွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၇ မှာ ပြဋ္ဌာန်းထားရာမှာ ဒီအခန်းပါ အခြေခံမူတွေနဲ့ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့ တာဝန်များအခန်းမှာ ပါရှိတဲ့ နိုင်ငံတော်ဆိုတာ ရှေ့နောက် စကားရပ်တို့ရဲ့ အဓိပ္ပာယ်ကို ထောက်ပြီးတော့ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှု အခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော်လည်းကောင်း၊ ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို ဆိုလိုတယ်လို့ အကျယ်တဝင့် ပြဋ္ဌာန်းထားပါတယ်။

ဂင်းပုဒ်မရဲ့ ဆိုလိုရင်းဟာ အခန်း(၁)အခြေခံမူများနဲ့ အခန်း(၈)တို့ကိုသာ ရည်ညွှန်းပြီးတော့ နိုင်ငံတော်ဆိုတဲ့ စကားရပ်နဲ့ အဓိပ္ပာယ်ကို တိတိကျကျဖော်ပြထားတဲ့ အကြောင်းအရင်းဟာ အဆိုပါ အခန်း(၁)နဲ့ အခန်း(၈)တို့မှာ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တို့အတွက် ပြဋ္ဌာန်းချက်များ၊ နိုင်ငံသားများရဲ့ အခွင့်အရေးနဲ့ တာဝန်များဆိုင်ရာ ပြဋ္ဌာန်းချက်များကို နိုင်ငံတော်က ဆောင်ရွက်ပေးရန်တာဝန်ရှိမှုကို ပိုမိုပေါ်လွင်ထင်ရှားစေရန် ရည်ညွှန်းဖော်ပြထားတာဖြစ်တဲ့အတွက် နိုင်ငံတော်ဆိုတာ ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးအာဏာနှစ်ရပ်စလုံး အကျုံးဝင်တဲ့သဘောဖြစ်တယ်ဆိုတာ ဆိုလိုရင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေမူကြမ်းရဲ့ အမည်ဖော်ပြချက်နဲ့ ပုဒ်မ ၁ တို့မှာပါရှိတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့ စကားရပ်ဟာ ပုဒ်မ ၄၇ ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဆန်းစစ်ကြည့်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုဖြစ်စေ၊ အုပ်ချုပ်မှုအခွင့်အဏာကိုဖြစ်စေ၊ နှစ်မျိုးစလုံးကို ကျင့်သုံးတဲ့အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ရဲ့ အတိုင်ပင်ခံဆိုပြီးတော့ အဓိပ္ပာယ်ကောက်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည် က ဥပဒေပြုမှုနဲ့ အုပ်ချုပ်မှုအခွင့်အာဏာကို တစ်ဦးတည်းကနေပြီးတော့ အတိုင်ပင်ခံ ကျင့်သုံးဆောင်ရွက်မယ့်သဘော သက်ရောက်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ (က)မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုတယ်ဆိုတဲ့ ပြဋ္ဌာန်းခြင်းကို ဆန့်ကျင်တဲ့အဓိပ္ပာယ် သက်ရောက်နေတဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမူကြမ်းရဲ့ နိဒါန်းမှာ ပြည်သူများ လိုလားတောင့်တနေကြသော စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကို ခိုင်မာစွာတည်ထောင်နိုင်ရန်ဆိုပြီးတော့လည်းကောင်း၊ ဥပဒေမူကြမ်းအခန်း(၂)၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)မှာ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဟုလည်းကောင်း ဖော်ပြထားရာ ဒီဖော်ပြချက်မှာပါရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံထူထောင်ဆိုတဲ့ စကားရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတနိုင်ငံတော်ဟု ခေါ်တွင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်ကျော်လွန်နေကြောင်း တွေ့ရပါတယ်။ ဒ့ါအပြင် တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ သဘောတူညီထားတဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA မှာလည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံထားတဲ့ ပြည်ထောင်စုဆိုတဲ့စကားရပ်အသုံးအနှုန်းနဲ့လည်း ကိုက်ညီမှုမရှိကြောင်း တွေ့ရပါတယ်။ ဥပဒေမူကြမ်းရဲ့ ပုဒ်မ၅(ဂ)မှာ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဤဥပဒေပါ ရည်ရွယ်ချက်များအောင်မြင်စေရန်

အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်တယ်လို့ ဖော်ပြထားပါတယ်။ ဒီဖော်ပြချက်အရ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဟာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ မဏ္ဍိုင်(၃)ရပ်ရဲ့ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်တဲ့ သဘောသက်ရောက်နေပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ဟာ သမ္မတရုံးပြည်ထောင်စုဝန်ကြီးဖြစ်တဲ့အတွက် နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနဲ့ အခြားပြည်ထောင်စုဝန်ကြီးများကို ဆွေးနွေးအကြံပြုခွင့်ရပြီး ဖြစ်ပါတယ်။

ဒါကြောင့် အာဏာခွဲဝေပိုင်းခြား သုံးစွဲမှုအခြေခံမူနဲ့ ဆန့်ကျင်ပြီးတော့ တခြားဥပဒေပြုရေးကိစ္စတွေကို ဝင်ရောက်ဆောင်ရွက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေမှာ ဖြစ်ပါတယ်။ အချုပ်အားဖြင့် ဆိုရလို့ရှိရင်တော့ အခုဆွေးနွေးလျက်ရှိတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေမူကြမ်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးစီးပွားကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပြဋ္ဌာန်းတယ်ဆိုပေမယ်လို့လည်း ပါတီအမည် ဖော်ပြထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးအား ဥပဒေပြုရေးနဲ့ အုပ်ချုပ်ရေးအာဏာနှစ်ရပ်လုံးကို အပ်နှံတဲ့သဘောသက်ရောက်နေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိကအခြေခံမူတစ်ရပ်ဖြစ်တဲ့ ပုဒ်မ ၁၁(က)ပါ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုတယ်ဆိုတဲ့ ပြဋ္ဌာန်းခြင်းကို ထိခိုက်ပျက်ပြားစေခြင်း၊ ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များရဲ့ အနက်အဓိပ္ပာယ်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူများနဲ့ ဆန့်ကျင်ကွဲလွဲနေခြင်းတို့ကြောင့် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပမထပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ မကွေးတိုင်း၊ မဲဆန္ဒနယ် အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တင်သွင်းတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေနဲ့ ပတ်သက်လို့ အကြံပြု တင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေ အခန်း(၄)တာဝန်လုပ်ပိုင်ခွင့်နဲ့ ရပိုင်ခွင့်များ၊ ပုဒ်မ ၅ အပိုဒ်ခွဲ(က)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မဆန့်ကျင်စေဘဲ နိုင်ငံတော်နဲ့ နိုင်ငံသားများ၏ အကျိုးစီးပွားများအတွက် အကြံပြုချက်များပေးရမည်ဟု ဖော်ပြထားချက်ဟာ

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ပေမဲ့ ပုဒ်မ ၅ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့ အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်ဟု ဖော်ပြထားချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုမရှိကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သမ္မတသာ ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမယ်လို့ ဖော်ပြထားသဖြင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်မှ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံမည်ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုမရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၅) အုပ်ချုပ်မှုကဏ္ဍ ပုဒ်မ ၂၀၃ မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်။ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အား လည်းကောင်း တာဝန်ခံရမည်ဟု ဖော်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဒ်မ ၅ အပိုဒ်ခွဲ(ဂ)တွင်ဖော်ပြထားတဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ဤဥပဒေပါအရည်အချင်းများ အောင်မြင်စေရန်အတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ အစိုးရအဖွဲ့ဝင်ဖြစ်သော နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ နဲ့ ပြည်ထောင်စုရှေ့နေချုပ်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၃၊ ၆၄၊ ပုဒ်မ ၂၃၀ (ဈ) နဲ့ (ဋ)၊ ပုဒ်မ ၂၃၇(စ) နဲ့ (ဇ)တို့အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နှုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည် ဟုလည်းကောင်း၊ မိမိရာထူးသက်တမ်းအတွင်း နိုင်ငံရေးပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရအဖြစ်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဆက်သွယ်ဆောင်ရွက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းဆိုသည့် စွပ်စွဲပြစ်တင်ခြင်း ဆိုင်ရာအချက်တွင် အကျုံးဝင်နေသဖြင့် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ) ပါအချက်သည် အကောင်အထည်ဖော် နိုင်သည့် အခြေနေတစ်ရပ်မဟုတ်ဟု သိရှိရပါတယ်။

ဒါ့အပြင် နိုင်ငံ့ဝန်ထမ်းတွေဟာ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်၍ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌက ယင်းတို့နှင့် ဆက်သွယ်ဆောင်ရွက်လျှင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာရသည့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခက်တွေ့စေနိုင်မှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း ၄၊ ပုဒ်မ ၅ အပိုဒ်ခွဲ (ဃ) နဲ့ (င) မှာဖော်ပြထားတဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရာထူးအလျောက် ရရှိသည့် လစဥ္စီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နဲ့ အခွင့်ရေးများကို ခံစားခွင့်ရှိသည် ဟုဖော်ပြ ထားသော်လည်း မည်သူက သတ်မှတ်သည့် အခွင့်အရေးကို ခံစားမည်ဖြစ်ကြောင်း ပေါ်လွင်ခြင်းမရှိ သည်ကို သိရှိရပါတယ်။ အတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် သတ်မှတ်ထားသည့် ဒေါ်အောင်ဆန်းစုကြည် သည် ပြည်ထောင်စုဝန်ကြီး တာဝန်ပေးအပ်ခြင်းခံထားရသူဖြစ်ရာ ၎င်းသည် ပြည်ထောင်စုဝန်ကြီးအတွက် သတ်မှတ်ထားသော လစဥ္စ ချီးမြှင့်ငွေ၊ စရိတ် အဆောင်အယောင်တို့ကို ခံစားရရှိပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးအတွက် သတ်မှတ်ထားသော လစဥ္စ စရိတ်ချီးမြှင့်ငွေ၊ အဆောင်အယောင်တို့ကို ခံစားရရှိပြီးသူကို ဥပဒေကြမ်းပုဒ်မ ၄၊ အပိုဒ်ခွဲ(ဃ)ပါအတိုင်း လစဥ္စချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နဲ့ အခွင့်အရေးများကို ခံစားခွင့်ပြုပါက အခွင့်အရေးနှစ်မျိုး ခံစားရရှိမည်ဖြစ်သဖြင့် ယင်းသို့ ခံစားခွင့် ပြုရင် သင့်/ မသင့်ကိုလည်း စဥ္စးစားသင့်ပါတယ်။

အချုပ်အားဖြင့် အကြံပြုတင်ပြရပါမူ ယခုဥပဒေကြမ်းတွင် အတိုင်ပင်ခံ ပုဂ္ဂိုလ်က မည်သူ၏ တိုင်ပင်မှုကို ခံယူမည်ဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသော်လည်း အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များနဲ့ သက်ဆိုင်သည့်အချက်များ ပါဝင်လာနိုင်သည်ကို တွေ့ရှိရသဖြင့် နိုင်ငံတော်သမ္မတ၏ လုပ်ပိုင်ခွင့်ဖြစ်သော အကြံပေးအဖွဲ့ ဖွဲ့စည်းခွင့်ကို အလေးဂရုပြု၍ စဉ်းစားသင့်ပါသည်။ ခြုံငုံပြီး သုံးသပ်တင်ပြရလျှင် ဤဥပဒေသည် ဥပဒေတစ်ရပ်၏ အင်္ဂါရပ်နှင့် မညီညွတ်ဟု ယူဆရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ပတ်သက်ဆက်နွယ်နေသဖြင့် ဤဥပဒေကို ပြဋ္ဌာန်းရန် သင့်/မသင့်ကို အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရန် တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ယမန်နေ့က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)က ဦးအောင်ကြည်ညွန့် တင်သွင်း သွားတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ပါဝင်ဆွေးနွေးခွင့်ရတဲ့ အတွက်ကြောင့် ဝမ်းသာဂုဏ်ယူပါကြောင်း ပဏာမ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော် နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ကြမယ်ဆိုတဲ့ မွန်မြတ်တဲ့ရည်ရွယ်ချက်နဲ့ ဒီနေရာကို ရောက်ရှိလာကြသူများ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ရဲ့ အဓိကတာဝန်ဟာ ဥပဒေပြုရေးဖြစ်ပါတယ်။ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ခေတ်ကာလအခြေအနေနဲ့ လျော်ညီမှု မရှိသော ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတွေ ပြုကြရပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်ရဲ့ဥပဒေများကို လေးစားလိုက်နာပါမည်လို့ ကတိသစ္စာပြုထား ကြသူများဖြစ်တာနဲ့အညီ နိုင်ငံတော်၊ နိုင်ငံသား အကျိုးစီးပွားကို ဆောင်ရွက်မယ်ဆိုတဲ့ စေတနာ မှန်ကန်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်းမရှိရင် ကျွန်တော်တို့ကိုယ်တိုင် ဥပဒေ ပြုသူက ဥပဒေကိုချိုးဖောက်သူ ဖြစ်သွားနိုင်ပါတယ်။ ဥပဒေတစ်ရပ်ရဲ့ အခြေခံဟာ နိုင်ငံတော်၊ နိုင်ငံသားအတွက် အကျိုးရှိရပါမယ်။ ခေတ်စနစ်နဲ့ လိုက်လျောညီထွေ ရှိရပါမယ်။ လက်တွေ့လိုက်နာ ဆောင်ရွက်နိုင်တဲ့ဥပဒေ ဖြစ်ရပါမယ်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်း ရှိရပါမယ် ဆိုတဲ့အချက်တွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း ၂ မှာ ရည်ရွယ်ချက် ၄ ရပ် ရှိတဲ့အနက် ရည်ရွယ်ချက် (ဂ) ဖြစ်တဲ့ ဖက်ဒရယ်ဆိုတဲ့ စကားလုံး အသုံးအနှုန်းနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုပါတယ်။ ဖက်ဒရယ်ဆိုတဲ့ စကားရပ်ဟာ မြန်မာ့နိုင်ငံရေးလောကမှာ အထူးပေါ်ပြူလာဖြစ်နေတဲ့စကားရပ်ဖြစ်ပါတယ်။ ဖက်ဒရယ်ဟာ မြန်မာမှုပြုထားတဲ့ အင်္ဂလိပ်ဝေါဟာရ ဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ အမည်နဲ့အဓိပ္ပာယ် ဖော်ပြချက်မှာ ရှင်းလင်းထားတာလည်း မတွေ့ရပါဘူး။ ဒါကို ရှင်းလင်းဖော်ပြထားခြင်း မရှိလို့ ဥပဒေကြမ်းမှာ လိုအပ်ချက်၊ အားနည်းချက်ရှိနေကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများ အခန်းမှာ ပုဒ်မ ၆၊ ပုဒ်မခွဲ(ဃ)မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးလို့ ဖော်ပြထားပြီးတော့ ပုဒ်မ ၇ မှာ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်လို့ ဖော်ပြထားပါတယ်။

ဒီမှာ ဖက်ဒရယ်ဆိုတဲ့ အသုံးအနှုန်း ပါဝင်ခြင်း မရှိပါဘူး။ ဒါကြောင့် ဒီဥပဒေကြမ်းမှာ ဖက်ဒရယ် သုံးနှုန်းထားခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီဆီလျော်မှု မရှိပါကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း ၃ တာဝန်ပေးအပ်ခြင်း ဆိုတဲ့ခေါင်းစဉ်အောက်မှာ ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက်ထောက်ခံမဲ ရရှိခဲ့သည်ဆိုတဲ့ စာကြောင်းထဲက တစ်ခဲနက်ဆိုတာ ဘယ်အတိုင်းအတာအထိ ဘယ်ရာခိုင်နှုန်းကို ဆိုလိုပါသလဲ။ ဥပဒေစကားလုံး အသုံးအနှုန်းဟာ ယေဘုယျဆန်တဲ့အသုံးအနှုန်းတွေ မပါဝင်သင့်ဘူးလို့ ကျွန်တော် နားလည်ထားပါတယ်။ အမြဲတမ်းအခါမလပ် မှန်ကန်နေတဲ့ တိကျတဲ့ စကားလုံးမျိုးကိုသာ သုံးသင့်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးကို အထူးပြု အမွှမ်းတင်ချင်လွန်းတာကြောင့် သုံးနှုန်းထားတယ်လို့ ယူဆမိပါတယ်။ ထည့်သွင်းသုံးသင့်/ မသုံးသင့် စဉ်းစားနိုင်အောင် တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။

ဒီပုဒ်မမှာပဲ လူပုဂ္ဂိုလ်တစ်ဦးရဲ့ အမည်နာမကို တိတိကျကျဖော်ပြ သုံးနှုန်းထားတာတွေ့ရှိရပါတယ်။ ဒီလို သုံးနှုန်းထားခြင်းမျိုးဟာ ပင်မဥပဒေမှာ အဲဒီလိုမျိုး ထည့်သွင်းပြဋ္ဌာန်းထားလေ့ ရှိ/မရှိ၊ ယခင်က ပြဋ္ဌာန်းဖူးတဲ့ ဥပဒေတွေမှာ အလားတူဥပဒေမျိုး ရှိ/မရှိ၊ နိုင်ငံတကာဥပဒေမှာရော ရှိ/မရှိ ပြန်လည်သုံးသပ်ဖို့လိုမယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အခုလို ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးတဲ့ကာလမှာ တရားဝင်ပါတီများစွာ ရှိနေပြီဖြစ်လို့ မိမိပါတီရဲ့ ခေါင်းဆောင်ဥက္ကဋ္ဌဖြစ်သူကို သီးသန့်ရွေးချယ်ပြီး မိမိပါတီအကျိုးအတွက် ရည်မှန်းချက်ရှိရှိ ဥပဒေပြဋ္ဌာန်းခြင်းဟာ သက်ဆိုင်ရာပါတီအတွက် မှန်သော်လည်း နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာစောင့်သိရမယ်ဆိုတဲ့ သမ္မတအတွက် လုပ်သင့်လုပ်ထိုက်သော ကိစ္စအကြောင်းအရာ ဖြစ်ပါရဲ့လားလို့ ဝေဖန်ချင့်ချိန် စဉ်းစားရမှာ ဖြစ်ကြောင်းစေတနာနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းကို လွှတ်တော်သက်တမ်းကာလတစ်ခုအတွက်သာ သတ်မှတ်ပြဋ္ဌာန်းနိုင်ဖို့ ရည်ရွယ်ရေးဆွဲထားပေမယ့် နောင်ကာလမှာ သမိုင်းဆိုင်ရာအချက်အလက်အနေနဲ့ ကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။ မှီငြမ်းကိုးကားစရာ ဥပဒေတစ်ရပ်လည်း ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် ဥပဒေပါ အကြောင်းအရာအချက်အလက်တွေဟာ ပြည့်စုံညီညွတ်မျှတပြီး စာသားစကားလုံး အသုံးအနှုန်းတွေဟာလည်း တိကျမှန်ကန် ခိုင်ခန့်နေဖို့ လိုအပ်လှပါတယ်။ ဒ့ါအပြင် ကောင်းမွန်ပြည့်စုံတဲ့ ဥပဒေတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် လုံလောက်သော

အချိန်ရရှိဖို့ဟာလည်း အရေးတကြီး လိုအပ်ချက် ဖြစ်ပါတယ်။ မနက်ဖြန်မှာ ဆွေးနွေးရမယ့် ဥပဒေကြမ်းတစ်ရပ်ကို ဒီနေ့ည မိုးချုပ်မှ Agenda ရရှိတာမျိုးဟာ ပြင်ဆင်ဖို့အတွက် အခက်အခဲတွေ ရှိပါတယ်။ အရေးကြီးတဲ့ကိစ္စတစ်ရပ်ကို အလောသုံးဆယ်လုပ်ခြင်းဟာ အားနည်းမှု၊ မပြည့်စုံမှုတွေ များစွာ ကြုံတွေ့နိုင်ပါတယ်။ အခုဖြစ်နေတဲ့ ကျွန်တော်တို့အဖြစ်က ဥပမာအနေနဲ့တင်ပြရရင် ဘာမေး မယ်ဆိုတာကိုလည်း မသိရ။ ကြိုတင်ဖတ်မှတ်လေ့လာထားဖို့ လုံလောက်တဲ့အချိန်ကိုလည်း မရ။ (၃)နာရီဖြေရမယ့် မေးခွန်းကို မိနစ်(၃၀)၊ နာရီဝက်နဲ့ အပြီးဖြေခိုင်းပြီး အောင်/ရှုံး သတ်မှတ်ခံရတဲ့ ကျောင်းသားတွေလို ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းမှာ ဒီဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် လိုက်နာ ဆောင်ရွက်ခြင်းမရှိခဲ့ရင် ဘယ်လိုအက်ရှင်ယူရမယ်ဆိုတဲ့ ဥပဒေအရ စည်းနှောင်မှုအပိုင်း ပါဝင်ခြင်း မရှိတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဥပဒေအင်္ဂါရပ်နဲ့ ညီ/မညီ ကိုလည်း ထည့်သွင်းစဉ်းစား ရမှာဖြစ်ပါတယ်။ ဒီကိစ္စ၊ ဒီအကြောင်းအရာကို ဥပဒေတစ်ရပ်အနေနဲ့ ပြဋ္ဌာန်းခြင်းမပြုဘဲ အမိန့် ညွှန်ကြားချက် ထုတ်ပြန်ပြီး ဆောင်ရွက်လို့မရနိုင်ဘူးလား ဆိုတာကိုလည်း စဉ်းစားစရာဖြစ်ပါတယ်။ ဒါကို ဥပဒေပညာရှင်တွေနဲ့ တိုင်ပင်နှီးနှောကာ စဉ်းစားဆောင်ရွက်သင့်ပါကြောင်းနဲ့ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးထံ အကြံဉာဏ်များ ရယူဆောင်ရွက်သင့်ပါကြောင်း တင်ပြ လိုပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးအနေနဲ့ ကျွန်တော်တင်ပြလိုတာ ကတော့ ကျွန်တော့်ရဲ့ ဆွေးနွေးချက်တွေဟာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမျှ ထိခိုက် နစ်နာစေလိုသော ဆန္ဒအလျဉ်း မရှိပါကြောင်းနဲ့ နိုင်ငံတော်၊ နိုင်ငံသားအကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေ ကောင်းတစ်ရပ် ဖြစ်ပေါ်လာရေး၊ ကျွန်တော်တို့လွှတ်တော်များက နောင်ပြုစုမည့် ဥပဒေကြမ်းတွေမှာ ဒီထက် ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ဥပဒေများဖြစ်ပေါ်လာစေရေးအတွက် ဉာဏ်မီသလောက် အကြံပြု ဆွေးနွေးရခြင်း ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဆွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဗိုလ်မှူးကြီး မြင့်ဆွေ၊ တပ်မတော်သားကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၀၅၈၆ ဗိုလ်မှူးကြီးမြင့်ဆွေ ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိုတင်သွင်းတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဆိုင်ရာဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး ပြင်ဆင်ရေးဆွဲနိုင်ရန် ထောက်ပြ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေမူကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)ပါ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုသည့် စကားရပ်ကို ပုဒ်မ ၄၇ ပါ တင်ပြပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ဆန်းစစ်ကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုဖြစ်စေ၊ အုပ်ချုပ်မှုအခွင့်အာဏာကိုဖြစ်စေ နှစ်မျိုးလုံးကိုကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ အတိုင်ပင်ခံပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ကောက်ယူရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၄၇ အရ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်မယ်ဆိုပါက နိုင်ငံတော်ရဲ့ အဓိကအခြေခံမူဖြစ်တဲ့ အာဏာသုံးရပ် ပိုင်းခြားသုံးစွဲခြင်း (Separation of Power) အရ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် တစ်ခုခုကိုသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရမှာ ဖြစ်ကြောင်းကိုလည်း ဥပဒေကြမ်းမှာ ရှင်းလင်းစွာဖော်ပြပေးရပါမယ်။ ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ မှာ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်ချက်များဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ဥပဒေပြုအဖွဲ့အစည်းများအနေနဲ့ ဥပဒေပြုစုရေးဆွဲရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများအခန်းရှိ ပြဋ္ဌာန်းချက်များနဲ့အညီသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ယခု ဥပဒေကြမ်းမှာ တင်ပြထားတဲ့အချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ မှာ ပြဋ္ဌာန်းထားတဲ့အချက်များနဲ့ မညီညွတ်သောအချက်များ ပါဝင်နေပါတယ်။ ဥပမာ နိုင်ငံတော်ဆိုတဲ့ စကားရပ်ကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း တွေ့ရှိရပါတယ်။ ဥပဒေမူကြမ်း ပုဒ်မ ၃ (ဂ) မှာလည်း ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးလို့ ဖော်ပြပါရှိချက်ဟာ နိဒါန်းစာပိုဒ်ပါ အတိုင်း အခြေခံဥပဒေနဲ့ ဆန့်ကျင်နေပါတယ်။

နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေမူကြမ်း နိဒါန်းမှာ စစ်မှန်တဲ့ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကို ခိုင်မာစွာ တည်ဆောက်နိုင်ရန် ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)မှာ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးဆိုပြီးတော့ ဖော်ပြချက်ဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်။ ပုဒ်မ ၇ မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်။ ပုဒ်မ ၈ မှာ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်နဲ့ ဖွဲ့စည်းတည်ဆောက်သည်လို့ တိတိကျကျ ပြဋ္ဌာန်းပါရှိတဲ့အတွက် ယခု ဥပဒေမူကြမ်းဟာ အခြေခံဥပဒေနဲ့ ဆန့်ကျင်နေကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဥပဒေမူကြမ်း ပုဒ်မ ၄ မှာ ၂၀၁၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူများရဲ့ ယုံကြည်အားကိုးမှုနဲ့ တစ်ခဲနက် ထောက်ခံမဲရရှိခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ကို အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်လို့ ဖော်ပြထားတဲ့အခါမှာလည်း လူပုဂ္ဂိုလ်ရဲ့ အမည်နဲ့ တိုက်ရိုက်ထည့်သွင်း ရေးသားထားခြင်းဟာ ဥပဒေတစ်ရပ်ရဲ့ သဘောသဘာဝနဲ့ မကိုက်ညီသလို တာဝန်ပေးအပ်သည်ဆိုတဲ့ စကားရပ်ဟာလည်း အမိန့်ထုတ်ပြန်တဲ့သဘောမျိုး သက်ရောက်နေတဲ့အတွက် ဥပဒေသဘောအရ အမည်မတပ်ဘဲ သင့်တော်သူတစ်ယောက်ကို တာဝန်ပေးအပ်ရမယ်လို့ ရေးသားဖော်ပြသင့်ကြောင်း တင်ပြအပ်ပါတယ်။

ဥပဒေမူကြမ်း ပုဒ်မ ၅ ၊ ပုဒ်မခွဲ(ခ)မှာ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အကြံပြုချက်၊ ဆောင်ရွက် ချက်များနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံရမည်လို့ ဖော်ပြထားပါတယ်။ ပြည်ထောင်စု လွှတ်တော်ကို တာဝန်ခံမှုနဲ့ စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၃ မှာ နိုင်ငံတော် သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်။ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအားလည်း ကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်အားလည်းကောင်း တာဝန်ခံရမယ်လို့ ပြဋ္ဌာန်းပါရှိတဲ့အတွက် အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေနဲ့ နိုင်ငံတော်သမ္မတနဲ့ တန်းတူအခွင့်အာဏာရှိတဲ့ သဘော သက်ရောက်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆ မှာ နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဟာ နိုင်ငံတော်သမ္မတ ဖြစ်သည်။ ပုဒ်မ ၅၇ မှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည်။ ပုဒ်မ ၅၈ မှာ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာ ရရှိ သည်လို့ အသီးသီး ပြဋ္ဌာန်းထားတဲ့အတွက် အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ယခု အမျိုးသားလွှတ်တော်ကို တင်သွင်းတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းဟာ ဥပဒေ အကြောင်းအချင်းအရာအရ တည်ဆဲနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျော်လွန် အဓိပ္ပာယ်သက်ရောက်နေပြီး အကြောင်းအချင်းအရာအားဖြင့်လည်း အဓိပ္ပာယ်ဖွင့်ဆိုချက်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များနဲ့ ဆန့်ကျင်နေတဲ့အတွက် ယခုအတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမယ်ဆိုပါက ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံး ချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်၍ ယေဘုယျအားဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ သို့သော်လည်း အကြောင်းအရာစကားရပ်နှင့် အသုံးအနှုန်းများ နှင့် ပတ်သက်၍ ပြင်ဆင် ဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဤဥပဒေကြမ်းရဲ့ စာမျက်နှာ(၂) တွင်ပါရှိတဲ့ ပုဒ်မ ၃(က) ပြဋ္ဌာန်းချက်ပါ စကားရပ်ကို ပါတီစုံ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးဟု ပြင်ဆင်လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြဋ္ဌာန်းချက်ဟာ လက်တွေ့မကျလို့ပါ။ လက်တွေ့ ပကတိအခြေအနေနဲ့ မကိုက်ညီလို့ပါပဲ။ လက်တွေ့မှာကျတော့ ပါတီ

ကြီးတွေက ပါတီငယ်တွေကို ဝါးမျိုသွားတာ၊ လွှမ်းမိုးသွားတာပဲ တွေ့မြင်နေကြရပါတယ်။ တွဲခေါ်သွား တယ်ဆိုတာ မရှိသလောက်ပါပဲ။ နိုင်ငံရေးပါတီ ဖွဲ့စည်းတယ်ဆိုတာ လွှတ်တော်ထဲမှာ လွှတ်တော် ကိုယ်စားလှယ်များများ ဖွဲ့နိုင်ဖို့ လိုအပ်ပါတယ်။ လွှတ်တော်ထဲသို့ ကိုယ်စားလှယ် အထိုက်အလျောက် မပို့နိုင်ရင် ဒီပါတီရဲ့အသံဟာ လွှတ်တော်ထဲမှာ မရှိနိုင်တော့ပါဘူး။ လွှတ်တော်ထဲမှာ ပါတီ (၂)ရပ် အသံ ဆိတ်သွားရင် အဲဒီပါတီတွေ ရေရှည်ထွန်းကား ရပ်တည်ဖို့ဆိုတာ မလွယ်ကူတော့ပါဘူး။ ဒါကို နမူနာ အဖြစ် ပြင်ပမှာရှိတဲ့ပါတီကိုပဲ ကြည့်မလား၊ ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားလူမျိုး အခြေခံတဲ့ ပါတီငယ်ပဲ ကြည့်မလား ကြည့်လို့ရပါတယ်။ ဒါကြောင့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန် ဖွံ့ဖြိုးဖို့လိုအပ်တဲ့ ထွန်းကားရေးဆိုတဲ့ စကားရပ်အစား ရှင်သန်ဖွံ့ဖြိုးရေးဆိုတဲ့ ပြင်ဆင်ရေးသားသင့်ကြောင်း အကြံပြု ဆွေးနွေး တင်ပြလိုပါတယ်။

နောက် အဲဒီစာမျက်နှာ(၂)ရပ် ပုဒ်မ ၄ ပြဋ္ဌာန်းချက်ပါ ပြဋ္ဌာန်းချက်ကို ဆက်လက်ဆွေးနွေး ပါမယ်။ အဲဒီပုဒ်မမှာ ၂၀၁၅ ဆိုတဲ့ သက္ကရာဇ်ကို ဖြုတ်ပြီး ထောက်ခံမဲရရှိသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ဟူသော စကားရပ်ကို ထောက်ခံမဲရရှိသည့် အနိုင်ရပါတီဥက္ကဋ္ဌ စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော် ပြင်ဆင်ရေးသားလိုတဲ့အတိုင်း ပြောင်းလဲသွားရန်လည်း နဂိုမူလဥပဒေကြမ်းပါ မိမိတို့လိုချင်တဲ့အချက်ကို ထိခိုက်မသွားပါဘူး။ ဥပဒေ ထဲမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အမည်ကို ရေးသားခြင်းမှလည်း လွတ်ကင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဖတ်ဖူး လေ့လာဖူးတဲ့ ဥပဒေတွေမှာ အဲဒီလို လူပုဂ္ဂိုလ်အမည်နဲ့ ရေးထားတာ မတွေ့ဖူး သလောက်ပါပဲ။ စီရင်ထုံးတွေ၊ ဖြတ်ထုံးတွေထဲမှာသာ တွေ့ရှိရပါတယ်။ ခုနှစ်သက္ကရာဇ်ကို ဖြုတ်ထား၊ ချန်လှပ်ထားခဲ့တာက ဒီဥပဒေကို ဆက်လက်ပြီး ရေရှည်အသုံးပြုနိုင်အောင်လို့ပါပဲ။ ဥပဒေတစ်ခု ပြဋ္ဌာန်းတယ်ဆိုတာ ရေရှည်အတွက် မျှော်ကိုးရပါမယ်။ ခုလောလောဆယ် အကျိုးကိုသာ ရှေ့တန်းတင် စဉ်းစားတာထက် အနာဂတ်အတွက် အထိုက်အလျောက် ဦးတည်သင့်ပါကြောင်း တင်ပြလိုပါတယ်။

ဆက်လက်ပြီး စာမျက်နှာ(၃)၊ ပုဒ်မ ၇ ကို ဆွေးနွေးတင်ပြသွားပါမယ်။ ဒီပုဒ်မ(၇)ရဲ့ ပြဋ္ဌာန်း ချက်ကို မလိုတော့ပါဘူး။ ဒီပုဒ်မကို ပယ်ဖျက်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီပုဒ်မဟာ အခု ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းတစ်ခုတည်းအတွက်ကိုသာ ဖြစ်စေတဲ့အတွက် နောင် လာမည့် လွှတ်တော်သက်တမ်းတွေမှာ မပါဝင်ပါဘူး။ ရေရှည်သုံးလို့မရဘူး ဖြစ်နေပါတယ်။ ကျွန်တော် အထက်မှာ ပုဒ်မ ၄ မှာ ဆွေးနွေးခဲ့သလို ဒီမိုကရေစီနိုင်ငံတစ်ခုကို ဖော်ဆောင်တဲ့နေရာမှာ ကောင်းမွန်တဲ့ ဥပဒေ ဖြစ်လာအောင် ပြဋ္ဌာန်းရသလို ရေရှည်အသက်ဝင် အသုံးပြုလို့ရမယ့် ဥပဒေဖြစ်ဖို့လည်း လိုအပ်ပါ တယ်။ ဒါကြောင့် ပုဒ်မ ၄ မှာ ကျွန်တော်တင်ပြခဲ့တဲ့ ပြင်ဆင်ချက်နဲ့ လိုက်လျောညီထွေမှု ဖြစ်စေရန်အတွက် ပုဒ်မ ၇ ကို ပယ်ဖျက်သင့်ပါကြောင်း ဆွေးနွေးရင်းနဲ့ ကျွန်တော်၏ ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေမူကြမ်းနဲ့ ပတ်သက်ပြီး အခန်း(၅)၊ ပုဒ်မ ၇ ကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဤဥပဒေသည် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်တဲ့ နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည်လို့ ပါရှိပါတယ်။ ဒီပုဒ်မကို ကြည့်ခြင်းအားဖြင့် ရွေးကောက်ပွဲ အနိုင်ရပါတီဖြစ်တဲ့ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ကို နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ရည်မှန်းချက် အကျိုးစီးပွားများ ပံ့ပိုးဆောင်ရွက်နိုင်ဖို့ အခွင့်အရေးရအောင် ရေးဆွဲထားတဲ့သဘော တွေ့ရပါတယ်။ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့လည်း နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှန် ရောက်အောင်သွားဖို့ ဆန္ဒပြင်းပြရှိနေတာကိုလည်း တွေ့မြင်ရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၉(စ)အရသာ သမ္မတလုပ်ခွင့်မရသော်လည်း လက်ရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် က အစိုးရအဖွဲ့များကို တိုင်းရင်းသားရင်ကြားစေ့ရေးနဲ့အညီ ရွေးချယ်ခဲ့ပြီး အရေးပါအရာရောက်တဲ့ ဝန်ကြီးဌာန (၄)ခုများကို တာဝန်ယူဆောင်ရွက်မယ့် အခြေအနေဖြစ်တဲ့အတွက် နိုင်ငံတော်နဲ့ ပြည်သူများအတွက် အကျိုးစီးပွားများစွာ ဆောင်ရွက်ပေးမယ့်အဆင့်ရှိနေကြောင်း တွေ့ရှိရပါတယ်။ လုပ်နိုင်ဖို့လည်း ကျွန်တော်တို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေများကို ယခုလို အချိန်တိုကာလနဲ့ လူ၊ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် သတ်မှတ်ပြဋ္ဌာန်း ထုတ်ပြန်တာမျိုးကိုလည်း ကျွန်တော်တို့ မတွေ့ခဲ့ဖူးပါဘူး။ တကယ်တော့ ဥပဒေတစ်ရပ်ဟာ ရေရှည်မျှော်ကိုးပြီး နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ရှင်သန်နေတဲ့ ဥပဒေဖြစ်ခြင်းဟာ ပိုမိုသင့်တော်ကောင်းမွန်မှာ ဖြစ်ပါတယ်။ ယခု ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း နိုင်ငံတော်သမ္မတရဲ့ သက်တမ်းကာလအတွက်သာ ရည်ရွယ်ဖော်ပြထားသော်လည်း ဒေါ်အောင်ဆန်းစုကြည်အတွက် တမင်ဖော်ပြချက်လို့ စွပ်စွဲလာနိုင်ပါတယ်။ ယခု အာဏာရပါတီ NLD အစိုးရလက်ထက်မှာ အစောဆုံးတင်သွင်းလာတဲ့ ဒီဥပဒေဟာ နိုင်ငံတော်သမ္မတရဲ့အတိုင်ပင်ခံလုပ်နိုင်ဖို့ ဒေါ်အောင်ဆန်းစုကြည်ကို ရည်ရွယ်ပြဋ္ဌာန်းတဲ့ ဥပဒေဖြစ်နေခြင်းဟာ NLD ပါတီရဲ့ တရားမျှတမှု၊ ဖြောင့်မတ်မှန်ကန်မှုကို ထိခိုက်နိုင်မလားလို့ စဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉)ရက်နေ့မှာ စည်ပင်ဧည့်ရိပ်သာမှာ ကျင်းပပြုလုပ်တဲ့ တိုင်းရင်းသားပါတီများနဲ့ တွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ တိုင်းရင်းသားရင်ကြားစေ့ရေးကို ဦးဆုံးအကောင်အထည်ဖော်ဆောင် ဆောင်ရွက်ပေးစေလိုကြောင်း တက်ရောက်လာတဲ့ ညီအစ်ကို မောင်နှမများ တောင်းဆိုခဲ့ကြသလို လက်ရှိအနေအထားမှာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပြီလို့ အားလုံးမြင်တွေ့ရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခု ပထမဆုံးပြဋ္ဌာန်းမယ့် နိုင်ငံတော်၏ အတိုင်ပင်ခံဆိုင်ရာ ဥပဒေဟာ အကျိုးအကြောင်းအားဖြင့် သင့်တော်ဆီလျော်ခြင်း ရှိ/မရှိ ခုနကပဲ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ ပြုထားတယ်လို့ ဆိုထားသော်လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ညီညွတ်ခြင်း ရှိ/မရှိ တို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ

ဥပဒေဆိုင်ရာခုံရုံးသို့ ဆောလျင်စွာ တင်သွင်း၍ အကြံပြုသုံးသပ်ချက်များ ရယူဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း ဆွေးနွေးနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးလှဝင်းအောင် မှ ဆွေးနွေးရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဗိုလ်မှူးကြီးလှဝင်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၁၉၇၂၇ ဗိုလ်မှူးကြီး လှဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ဆွေးနွေး တင်ပြသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဥပဒေကြမ်းရဲ့ အမည်မှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံဥပဒေဆိုင်ရာ ဥပဒေကြမ်းလို့ ဖော်ပြထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ကိုက်ညီမှု ရှိ/မရှိ ကို ဦးစွာ ဆန်းစစ် သွားရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ ဥပဒေကြမ်းမှာ ဖော်ပြထားတဲ့ ရည်ရွယ်ချက်တွေနဲ့အတူ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မူတည်၍ ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းထားတာဖြစ်လို့ နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးစီးပွားအတွက် တိုက်ရိုက်မသက်ဆိုင်တဲ့သဘော ဖြစ်နေပါတယ်။ ဒီ ဥပဒေကြမ်းကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၀-၃-၂၀၁၆ ရက်နေ့ ညနေပိုင်းမှ ရရှိပြီးတဲ့ နောက်ပိုင်း အချိန်ပိုင်းလေးအတွင်းမှာ လေ့လာခဲ့ရပြီး တွေ့ရှိချက်များကို တင်ပြသွားပါမယ်။

ကျွန်တော်အား Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဤ ဥပဒေကြမ်းရဲ့ အခန်း(၃)၊ ပုဒ်မ ၄ တွင် လူပုဂ္ဂိုလ်အမည်ဖြင့် ဖော်ပြ၍ ဥပဒေပြဋ္ဌာန်းထားရာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် သီးသန့်ပြဋ္ဌာန်းထားတဲ့ သဘောသက်ရောက်နေပြီး ဥပဒေပြုရေးအခွင့် အာဏာအသုံးပြုတဲ့ ပြည်ထောင်စုလွှတ်တော်ဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် ပြဋ္ဌာန်းရမယ့် အစား နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဥပဒေများကိုသာ ဦးစားပေးပြဋ္ဌာန်း ရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့မှာ ပြည်ထောင်စုဝန်ကြီးအဖြစ် အရေးကြီးတဲ့ ဝန်ကြီး(၄)ဌာနကို တာဝန်ယူဆောင်ရွက်မယ့် ဒေါ်အောင်ဆန်းစုကြည် ဟာ မူလက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ် သော်လည်း ၃၀-၃-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီးအဖြစ် ကတိသစ္စာပြုပြီးဖြစ်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်တယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ အရ ဥပဒေပြုမှု အခွင့်အာဏာကို ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ရဲ့ အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခွင့်မရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာ ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ

ပိုင်းခြားသုံးစွဲခြင်းဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းပြုရန်ဖြစ်လို့မို့ အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး တစ်ဦးအဖြစ် အုပ်ချုပ်ရေးတာဝန် ထမ်းရွက်နေတဲ့သူက ဥပဒေပြုရေးအာဏာ ကျင့်သုံးတဲ့အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ရဲ့ အတိုင်ပင်ခံအဖြစ် ဆောင်ရွက်ပါက နိုင်ငံတော်ရဲ့ အဓိက အခြေခံမူဖြစ်တဲ့ မဏ္ဍိုင်ကြီးသုံးရပ် အပြန်အလှန်ထိန်းကျောင်းခြင်းကို အကြီးမားဆုံး ထိခိုက်စေမှာကို ဖြစ်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)မှာ အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေဖြင့် အကြံပြုချက်များ၊ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် တာဝန်ခံရမည်ဟု ဖော်ပြ ထားပါတယ်။ ပြည်ထောင်စုလွှတ်တော်သို့ တာဝန်ခံမှုနဲ့ စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၃ တွင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အား တာဝန်ခံရမည်။ ဒုတိယသမ္မတများသည် နိုင်ငံတော်သမ္မတအားလည်းကောင်း၊ နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကိုလည်း ကောင်း တာဝန်ခံရမည်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ဇ)တွင် ပြည်ထောင်စုဝန်ကြီးများသည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမယ်လို့ ပြဋ္ဌာန်းထားတဲ့ အတွက် ပြည်ထောင်စုဝန်ကြီးဖြစ်သူဟာ နိုင်ငံတော်သမ္မတကိုသာ တာဝန်ခံရန်ဖြစ်ပြီး၊ ပြည်ထောင်စု လွှတ်တော်သို့ တာဝန်ခံရန် ဖော်ပြချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတာကို တွေ့ရှိ ရပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားချက်အရ နိုင်ငံတော်သမ္မတက လိုအပ်တဲ့ အကြံဉာဏ်များ ရယူနိုင်ရေးအတွက် အကြံပေးအဖွဲ့ကို သင့်လျော်တဲ့ လူဦးရေနဲ့ ဖွဲ့စည်းနိုင်မှာ ဖြစ်သကဲ့သို့ ဥပဒေပြုရေးကဏ္ဍနဲ့ စပ်လျဉ်း၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇ အရ လည်းကောင်း၊ အမျိုးသားလွှတ်တော်၊ ဥပဒေပုဒ်မ ၂၇ အရ ကော်မတီများ၊ အမျိုးသားလွှတ်တော်၊ ဥပဒေ ပုဒ်မ ၃၂ အရ ကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တွေ့ရှိရလို့မို့ ဒီဥပဒေကြမ်းကို ပြဋ္ဌာန်းရန်ပင် မလိုအပ်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ ဥပဒေကြမ်းရဲ့ အခန်း(၄)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားတဲ့ အဖွဲ့ အစည်းများ၊ အသင်းအဖွဲ့များ၊ လူပုဂ္ဂိုလ်များဆိုတဲ့ စကားရပ်ကို အခန်း(၁)၊ ပုဒ်မ ၂ မှာ အဓိပ္ပာယ်သတ်မှတ် ဖော်ပြထားရန် လိုအပ်သော်လည်း အဓိပ္ပာယ်သတ်မှတ်ချက် တိတိကျကျ သတ်မှတ်မထား၍ နိုင်ငံတော်ရဲ့ လုံခြုံရေးအတွက် ထိခိုက်နိုင်တဲ့ အဖွဲ့အစည်း၊ အသင်းအဖွဲ့၊ လူပုဂ္ဂိုလ်တွေ ပါဝင်လာနိုင်ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၃ ပါ ပြဋ္ဌာန်းချက်များကို သတိပြု လိုက်နာစောင့်ထိန်းရမှာဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ဥပဒေကြမ်းရဲ့ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)တွင် အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ရာထူးအလျောက်ရရှိတဲ့ လစာ၊ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်၊ အခွင့်အရေးကို ခံစားခွင့်ရှိသူဟု ဆိုရာမှာ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ ရာထူး၊ အဆင့်အတန်း သတ်မှတ်ချက်ဟာ ပြည်ထောင်စုဝန်ကြီးအဆင့် သို့မဟုတ် မည်သည့် အဆင့်အတန်းနှင့် တူညီသည်ဟု တိကျစွာပြဋ္ဌာန်းထားခြင်း မရှိကြောင်းတွေ့ရှိရပါတယ်။ ဒါ့အပြင် ပုဒ်မ ၅၊ ပုဒ်မခွဲ(င)အရ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ချီးမြှင့်ငွေ၊ စရိတ်နဲ့ အဆောင်အယောင်များအတွက် ပြည်ထောင်စု ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေတွင် ခွဲဝေသတ်မှတ်ထားရှိရမယ်လို့ ဖော်ပြထားရာ ဒီ အတိုင်ပင်ခံ ပုဂ္ဂိုလ်အတွက် ရုံးဌာန၊ ရုံးအဖွဲ့ဝန်ထမ်းများ ထားရှိဆောင်ရွက်ရမှာဖြစ်သဖြင့် ၎င်းတို့အတွက် ပြည်သူ့

ဘဏ္ဍာငွေများ ထပ်မံသုံးစွဲရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးဖြစ်ထွန်းမှု ရှိ/မရှိ။ ဥပဒေပြဋ္ဌာန်းရန် လို/မလို စဉ်းစားကြရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်ကို နိဂုံးချုပ် တင်ပြရမယ်ဆိုရင် ဥပဒေပြုရေးကို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ကျွန်တော်တို့ လွှတ်တော်တွေအနေနဲ့ ဥပဒေတစ်ခုသတ်မှတ် ပြဋ္ဌာန်းတဲ့နေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပင်မဥပဒေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီဆီလျော်မှု ရှိရမှာဖြစ်ပါတယ်။ အခုဆွေးနွေးလျှက်ရှိတဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ပံ့ပိုးဆောင်ရွက်ပေးရန် ရည်ရွယ်ပြဋ္ဌာန်းသည်ဆိုသော်လည်း ပါတီအမည်ဖော်ပြထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးကို ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာနှစ်ရပ်စလုံးကို အပ်နှံတဲ့သဘောသက်ရောက်နေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဓိက အခြေခံမူတစ်ရပ်ဖြစ်တဲ့ ပုဒ်မ ခွဲ ၁၁၊ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းပြုသည်လို့ဆိုတဲ့ ပြဋ္ဌာန်းချက်ကို ထိခိုက်ပျက်ပြားစေခြင်း၊ ယခု ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များနဲ့ အဓိပ္ပာယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခြေခံမူများနဲ့ ဆန့်ကျင်ကွဲလွဲနေခြင်းကြောင့် ဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းမယ်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲပြီးမှသာ ပြဋ္ဌာန်းသင့်ကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်အစည်းအဝေးကို (၁)နာရီ ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။ (၁၂)နာရီအချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၂၈ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း၂၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားသူ တစ်ဦး ရှိပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ ဖြစ်ပါတယ်။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြရန်ရှိပါက တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂း၂၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ ခုဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့ ရှေ့ပိုင်းမှာတင်ပြသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်(၇)ဦး ရှိပါတယ်။ (၇)ဦးရှိတဲ့အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ပြန်လည်ရှင်းလင်းတဲ့အခါမှာ အချိန်ကိုကန့်သတ်ထားတဲ့အတွက် ကျွန်တော်တို့ တစ်ဦးချင်းစီကို မရှင်းနိုင်တဲ့အတွက် ကျွန်တော် အကုန်လုံးကို ခြုံငုံပြီးတော့ ကျွန်တော်တင်ပြသွားမှာဖြစ်ကြောင်း ကနဦး တင်ပြထားလိုပါတယ်။ အဲဒီတော့ ဒီကိစ္စမှာကျွန်တော် ဥပဒေနဲ့ ပတ်သက်လို့ စကားပြောရဆိုရတာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံတကာ ဥပဒေလောကမှာ ရှိနေတဲ့ ဥပဒေတစ်ရပ်မှာ ရှိသင့် ရှိအပ်တဲ့ Sprit of law ဆိုတဲ့ ဥပဒေရဲ့ ဝိဉာဉ် ဥပဒေရဲ့ အနှစ်သာရအပိုင်းနဲ့ dart of law ဆိုတဲ့ ဥပဒေရဲ့ စကားလုံးပိုင်းတွေကို နှစ်ခုသတ်မှတ်ထားတဲ့အခါမှာ ကျွန်တော်သည် ဒီနေ့ ဒီအချိန်အခါမှာ ကျွန်တော် Sprit of law ဆိုတဲ့ ဥပဒေရဲ့ဝိဉာဉ် ဥပဒေရဲ့ အနှစ်သာရပိုင်းကိုပဲ ကျွန်တော် ဦးစားပေးပြီး တင်ပြသွားမှာဖြစ်ပါတယ်။

အဲဒီတော့ စောစောပိုင်းက တင်ပြသွားတဲ့ ကိုယ်စားလှယ်ကြီး(၇)ဦး ရှိပါတယ်။ (၇)ဦးရဲ့ ဆွေးနွေးတင်ပြသွားချက်တွေကိုလည်း အကုန်လုံး ဒီကနေ့ တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေ၊ ဧည့်သည်တော်တွေ ကြားပြီးဖြစ်ပါတယ်။ အဲဒီတော့ (၇)ဦးတင်ပြသွားတဲ့ ကိစ္စမှာ ဘာတွေပါသလဲဆိုတော့ များသောအားဖြင့်တော့ ကျွန်တော်တို့ ဥပဒေ ဒီနေ့တင်ပြတဲ့ ဥပဒေကြမ်းသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ပါတယ် သို့မဟုတ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်းမရှိပါဘူး

ဆိုတဲ့အသုံးအနှုန်းမျိုးကို ကျွန်တော်တို့ မကြာခဏ တွေ့ခဲ့ရပါတယ်။ ဒီအချက်နဲ့ပတ်သတ်လို့ ကျွန်တော် ကနဦးစပြီး ရှင်းလင်းချင်တာကတော့ ကျွန်တော် အခြေခံဥပဒေပုဒ်မ ၃၂၂ (ခ)ကို ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ် ခင်ဗျား။

ကျွန်တော်တို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏လုပ်ငန်းတာဝန်ဆိုပြီး ပုဒ်မ ၃၂၂ (ခ) မှာ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ ကျွန်တော် ဖတ်ကြားတင်ပြပါရစေ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း၊ ဒီလိုပြဋ္ဌာန်ထားတဲ့အတွက် ဥပဒေတစ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီတယ်၊ မညီဘူး ဆန့်ကျင်တယ် မဆန့်ကျင်ဘူးဆိုတာကို ကျွန်တော် အပါဝင် တက်ရောက်လာကြတဲ့ကိုယ်စားလှယ်များ၊ မည်သူမျှ ပြောပိုင်ခွင့်မရှိသေးဘူးလို့ ကျွန်တော် ကနဦး တင်ပြပါတယ်။ ဒီရဲ့လုပ်ပိုင်ခွင့်တာဝန်ဟာ ပုဒ်မ ၃၂၂ (ခ)အရ တိတိကျကျ အခြေခံဥပဒေခုံရုံးမှာ ပိုင်ဆိုင်ရရှိထားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထပ်မံတင်ပြသွားတဲ့ ဥပဒေတွေ အခြေခံဥပဒေတွေနဲ့ ဆန့်ကျင်တယ်၊ မဆန့်ကျင်ဘူးဆိုတဲ့အချက်တွေဟာ ဒီနေ့ ဒီချိန်မှာ ခုကျွန်တော်တို့ ပြောနေတဲ့အချိန်မှာ ပြောဖို့အင်မတန်စောလွန်းတယ်ဆိုတာ ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် အထက်ကတင်ပြခဲ့သလို အထက်ကတင်ပြသွားတဲ့ ပုဂ္ဂိုလ်တွေ (၇)ဦးရှိတဲ့အတွက် ကျွန်တော် ခြုံငုံသုံးသပ်တင်ပြမှာဖြစ်တဲ့အတွက် အဓိကအချက်ဖြစ်တဲ့ ပုဒ်မ ၁၁ ကို ကျွန်တော် စတင်ဆွေးနွေးပါ့မယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥဒေပုဒ်မ ၁၁ (က)မှာ အချုပ်ခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာတွေဟာ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီးသကာလ အချင်းချင်းအပြန်လှန် ထိန်းကျောင်းသွားရမယ်လို့ အဓိပ္ပာယ်ရှိပါတယ်။ ဒီလိုဆိုလိုက်တော့ အပြန်လှန်ထိန်းကျောင်းရပြီဆိုရင်ပဲ တွေ့ဆုံညှိနှိုင်းမှုတွေ ပါလာရစမြဲ ဖြစ်ပါတယ်။ တွေဆုံညှိနှိုင်းမှုတွေ ပါလာရပြီဆိုတာနဲ့ပဲ ကျွန်တော်တို့ မကြာခဏတွေ့နေရတဲ့ ပွတ်တိုက်မှုတွေ၊ သဘောထားကွဲလွဲမှုတွေ မလွဲမသွေ ပေါ်ပေါက်လာတာ သဘာဝကျပါတယ်။ အခုလို ကျွန်တော်တို့ ကျွန်တော် အခု ရပ်ပြီးပြောနေတာပင်လျှင် ပွတ်တိုက်မှုပါခင်ဗျား။

အဲဒီတော့ အဲဒီလို ပွတ်တိုက်မှုတွေ ပေါ်လာမှာဖြစ်တဲ့အတွက် အခုတင်ဖို့ကြိုးစားတဲ့ ဥပဒေကြမ်းမှာ ဖော်ညွှန်းထားတဲ့ အတိုင်ပင်ခံဆိုတဲ့ ပုဂ္ဂိုလ်သာ ကြိုတင်ပြီး အဆင့်သင့်ရှိနေခဲ့ပြီဆိုရင် စောစောကပြောခဲ့တဲ့ ပွတ်တိုက်မှုတို့၊ သဘောထားကွဲလွဲမှုတို့ဟာ နည်းနိုင်သမျှ နည်းသွားမယ်လို့ ယုံယုံကြည်ကြည် ကောက်ချက်ချနိုင်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ နောက်ပြီးတော့ ဒီအတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုတာဟာ စောစောပိုင်းက ကျွန်တော်တို့ အတွင်းရေးမှူးလည်း တင်ပြသွားတာ ရှိပါတယ်။ ဥပဒေကြမ်းရဲ့ အခန်း (၄)၊ ပုဒ်မ ၅ (က)အရ အကြံပြုချက်များသာလျှင် ပေးနိုင်ပြီးသကာလ ဆုံးဖြတ်ချက်တစ်စုံတစ်ရာကို ချနိုင်တဲ့အထိ လုပ်ပိုင်ခွင့် မရှိပါဘူး။ ဒါကြောင့် ဒီဥပဒေကြမ်းဟာ အခြေခံဥပဒေပုဒ်မ ၁၁ (က) ကို ထိပါးရာမရောက်နိုင်ကြောင်း ကျွန်တော် လေးစားစွာ တင်ပြဖြေရှင်းလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက် ဆက်လက်ပြီး ကျွန်တော် ဆွေးနွေးတင်ပြရမယ့်အချက်ကတော့ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး

ဖြစ်နေသဖြင့် အပြန်အလှန်ထိန်းကျောင်းခြင်းဆိုင်ရာ လုပ်ငန်းများမှာ အခက်အခဲများ ဖြစ်နိုင်သလား၊ ပြဿနာများဖြစ်နိုင်သလားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ Issue ဖြစ်ပါတယ်။ အဲဒီတော့ ဒီအချက်ကို ကျွန်တော် ရှင်းလင်းရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၁၇ ကိုပဲ ကျွန်တော် ညွှန်းဆိုရမှာ ဖြစ်ပါတယ်။ ပုဒ်မ ၂၁၇ မှာ ကျွန်တော်တို့ အတိအကျ ပြဋ္ဌာန်းထားတာ ရှိပါတယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ မဆန့်ကျင်စေဘဲ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမ္မတ၌ တည်ရှိသည်။ ဤစကားရပ်ကြောင့် ပြည်ထောင်စု လွှတ်တော်သည် အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်ကိုလည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦး အားလည်းကောင်း တာဝန်နှင့်လုပ်ပိုင်ခွင့် ပေးအပ်ခြင်းမပြုနိုင်ဟု မမှတ်ယူရ။

အဲဒီတော့ ပေးအပ်နိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ အဲဒီတော့ ပုဒ်မ ၂၁၇ အရ အဖွဲ့အစည်း တစ်ခုခုကိုလည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦးဦးကိုသော်လည်းကောင်း ဒီရဲ့ တာဝန်၊ ဒီရဲ့ ဝတ္တရားကို ပေးအပ်နိုင်တယ်လို့ ပုဒ်မ ၂၁၇ ကဆိုထားခြင်းဖြစ်တဲ့အတွက် ကျွန်တော်တို့ ဖော်ညွှန်းနေတဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးတစ်ဦး ဖြစ်နေစေကာမူ ဒီ ပုဒ်မ ၂၁၇ ရဲ့ ပြဋ္ဌာန်းချက်ကို ရသင့်ရထိုက်သူဖြစ်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော် တင်ပြရမှာကတော့ ဒီဥပဒေကြမ်းပါ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံရမယ် ဆိုတဲ့အချက်နဲ့ပတ်သက်လို့ စောစောက ဝေဖန်သွားတဲ့ ပုဂ္ဂိုလ်များက အနည်းငယ်ထောက်ပြဝေဖန်မှုတွေ ရှိခဲ့ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် ဖြေရှင်းရမယ်ဆိုလို့ရှိရင် ကျွန်တော် ပုဒ်မ ၂၁၇ ကိုပဲ ကျွန်တော် ဆက်လက်ပြီးကိုးကားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရည်ညွှန်းတဲ့ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုတဲ့ရာထူးကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇ ကပဲ ခန့်အပ်နိုင်တာဖြစ်တဲ့အတွက် ဒီခန့်အပ်ခြင်းကို အခြေခံပြီးတော့ ဒီပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ကိုသာလျှင် တာဝန်ခံရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကို တာဝန် မခံဘူးဆိုလို့ရှိရင် အခြားမည်သည့် အဖွဲ့အစည်းမျှ ဒီအဆင့်ပုဂ္ဂိုလ်ဟာ တာဝန်ခံစရာအကြောင်းမရှိပါဘူး။

နောက်တစ်ချက်က ပြည်ထောင်စုလွှတ်တော်ကို တာဝန်ခံလိုက်တာနဲ့ပဲ ပြည်ထောင်စု လွှတ်တော်က လိုအပ်တာများကို ထိန်းသိမ်းတည့်မတ်သွားနိုင်တဲ့ အခွင့်အရေးရရှိတာဟာ တရားမျှတမှု တစ်ခုပဲလို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကို တင်ပြလိုပါတယ်။ ဆက်လက်ပြီး ကျွန်တော် တင်ပြပါမယ်။ အဲဒီတော့ နောက်တစ်ချက်ကတော့ အကြံပေးပုဂ္ဂိုလ်ဆိုတဲ့ ပုဂ္ဂိုလ်တွေခန့်အပ်ထားနိုင်တဲ့အတွက် အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတာ လိုအပ်ပါသလား ဆိုတဲ့သဘောဆောင်တဲ့ ချေပချက်တွေလည်း ရှိပါတယ်။ ဒီအချက်နဲ့ပတ်သက်လို့ ကျွန်တော် ဆက်ပြီးတင်ပြရမယ်ဆိုလို့ရှိရင် ပြီးခဲ့တဲ့လွှတ်တော် သက်တမ်းမှာ ကျွန်တော်တို့ ပြီးခဲ့တဲ့သမ္မတကြီးဟာ အကြံပေးပုဂ္ဂိုလ်များ ဖွဲ့စည်းခဲ့တဲ့သာဓကရှိခဲ့ပါတယ်။ သို့သော် အဲဒီအချိန် အဲဒီကာလက ဖွဲ့စည်းခဲ့တဲ့ သမ္မတကြီးဖွဲ့စည်းခဲ့တဲ့ အကြံပေးပုဂ္ဂိုလ်များဟာ ဒီအခြေခံ ဥပဒေပုဒ်မ ၂၁၇ ကိုကျင့်သုံးပြီး ဖွဲ့စည်းခဲ့တာ မဟုတ်ဘူးဆိုတာ ကျွန်တော် အတိအကျ ထောက်ပြလို ပါတယ်။ အဲဒီတော့ ဒီ ပုဒ်မ ၂၁၇ ရည်ညွှန်းထားတဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့အဆင့်ဟာ ပြီးခဲ့တဲ့ သက်တမ်းက သမ္မတကြီးဖွဲ့စည်းခဲ့တဲ့ အကြံပေးအဖွဲ့ဆိုတာနဲ့ လုံးဝကွဲပြားခြားနားလှပါတယ်လို့ ကျွန်တော် အလေးအနက် တင်ပြလိုပါတယ်။

အဲဒီတော့ ဒီဥပဒေ ကျွန်တော်တို့တင်ဖို့ကြိုးစားနေတဲ့ ဥပဒေကြမ်းဟာ ပုဒ်မ ၂၁၇ ရဲ့ထူးခြားတဲ့အာနိသင်ကြောင့်သာလျှင် ကျွန်တော်တို့ တင်သွင်းနိုင်တဲ့အခွင့်အရေး ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတာ တစ်ဖက်ကတင်ပြသလို အကြံပေးပုဂ္ဂိုလ်များနဲ့ မတူညီဘူးဆိုတဲ့ အဆင့်ကို ကျွန်တော် ကွဲကွဲပြားပြား သိစေချင်လို့ တင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောက်ဆုံး ကျွန်တော် တင်ပြရမယ့်အချက်တစ်ချက် ရှိပါတယ်။ ဒီအချက်ကတော့ ဒီဥပဒေမှာ ဒီဥပဒေကြမ်းမှာ ပုဒ်မ ၄ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတဲ့ ရာထူးကို ပေးအပ်တဲ့လူကို ကျွန်တော်တို့က By name နဲ့ပေါ့လေ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ------------

**ဥက္ကဋ္ဌ**။ ။ အချိန်စေ့သွားပါပြီ။

**အချိန်၊ ၁၂း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နှင့် စပ်လျဉ်းပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း၏ ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးက ပြင်ဆင်ချက်ရှိသောအပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ အခုလို ဆောင်ရွက်ဖို့ရှိတဲ့နေရာမှာ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးတစ်ယောက်အနေနဲ့ တင်ပြဖွယ်ရာ ရှိပါတယ်။ ခုနက ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌကလည်း တင်ပြသွားပါတယ်။ ဒီနေ့ အကြံပြုချက်များ ဆွေးနွေးခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး(၇)ဦး ရှိပါတယ်။ (၇)ဦး ရှိတဲ့အနက်မှာ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးရဲ့ ဆွေးနွေးချက်များဟာ ဥပဒေကြမ်းတစ်ရပ်လုံးပေါ်မှာ ခြုံငုံသုံးသပ်ပြီးတော့ ဆွေးနွေးချက်များဖြစ်ပြီးတော့ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးသွားခြင်း မရှိတာကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဆိုတာက လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ တို့မှာ ဖော်ပြထားတာတွေ ရှိပါတယ်။ နည်းဥပဒေ ၁၉၀ မှာတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြင်ဆင်ချက် အဆိုတင်သွင်းပြီးတော့ ဆွေးနွေးရမယ့် နည်းလမ်းတွေကို ဖော်ပြထားပါတယ်။

ပြင်ဆင်ချက်အဆို ဖြစ်ရပါမယ်ခင်ဗျား။ ဘယ်ပုဒ်မ၊ ဘယ်အပိုဒ်ကို ပြင်ဆင်လိုတယ်။ ဘယ်အပိုဒ်ကိုတော့ အစားထိုးလိုတယ်။ ဘယ်အပိုဒ်ကိုတော့ ပယ်ဖျက်လိုတယ်ဆိုတာ ဒါ တိကျစွာ တင်သွင်း ဆွေးနွေးရမှာ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး (၇)ဦးက အကြံပြုဆွေးနွေးသွားတာကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ ကြိုဆိုပါတယ်။ လက်ခံပါတယ်။ ဒါဟာ ဒီမိုကရေစီ ထွန်းကားပြီဆိုတဲ့ ဒီမိုကရေစီအခွင့်အရေးကို ဖော်ညွှန်းတာဖြစ်ပါတယ်။ သို့သော်ငြားလည်း ကျွန်တော်တို့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆောင်ရွက်ဖို့နေရာမှာတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က ဦးမြင့်နိုင် တစ်ဦး

တည်းကပဲ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ပြင်ဆင်ချက်အဆို တင်သွင်းသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃ (က)၊ ဥပဒေကြမ်းရဲ့အပိုဒ် ၄ နဲ့ အပိုဒ် ၇ တို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီ ပြင်ဆင်ချက်အဆို တင်သွင်းသွားတဲ့အပိုဒ်များကို ဦးစွာ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူနိုင်ဖို့ တင်ပြမှာ ဖြစ်ပါတယ်။

ခြုံငုံသုံးသပ်ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ကလည်း ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အပိုဒ် ၁ ကနေ ၈ အထိကို အတည်ပြုဖို့ အဆုံးအဖြတ် ရယူတဲ့အခါမှာ မိမိတို့ရဲ့ သက်ဆိုင်ရာ ဆန္ဒသဘောထားများကို ဖော်ထုတ်ဆောင်ရွက်နိုင်ပါကြောင်း လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူဆောင်ရွက်နိုင်ပါကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခု စတင်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အပိုဒ် ၃၊ အပိုဒ်ခွဲ(က)ကို တင်ပြပါ့မယ်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးမြင့်နိုင် ကတော့ ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးလို့ ပြင်ဆင်ဖို့ ပြင်ဆင်ချက်အဆိုကို တင်သွင်းထားပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ မူလဥပဒေပြဋ္ဌာန်းချက်ပါ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးဆိုတဲ့ ပြဋ္ဌာန်းချက်ကိုသာ အမျိုးသားလွှတ်တော်ကြီးက ပြည်သူ့ဆန္ဒနဲ့အညီ အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုမူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကိုထောက်ခံလျှင် အစိမ်းရောင်ခလုတ်ကို နှိပ်ပြီးတော့ ဆန္ဒမဲပေးဖို့ ဖြစ်ပါတယ်။

ကန့်ကွက်လို့ရှိရင် အနီရောင်ခလုတ်ကိုနှိပ်ပြီးတော့ ဆန္ဒမဲပေးဖို့ ဖြစ်ပါတယ်။ ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဆန္ဒမဲပေးပြီးပါပြီ။

ထောက်ခံမဲ (၁၃၇) မဲ၊ ကန့်ကွက်မဲ (၆၈) မဲ၊ ကြားနေမဲ( ၄ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၂:၅၀။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့ အပိုဒ် ၄ ကို ဆက်လက်တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင် ကတော့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

တွင် ပြည်သူများ၏ ယုံကြည်အားကိုးမှုဖြင့် တစ်ခဲနက် ထောက်ခံမဲ ရရှိခဲ့သည့် အနိုင်ရပါတီဥက္ကဋ္ဌကို အတိုင်ပင်ခံ ပုဂ္ဂိုလ်အဖြစ် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သည်လို့ ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ မူလပြဋ္ဌာန်းချက်ကိုက ဒါ ကျွန်တော်တို့ ရည်ရွယ်ချက်ရှိရှိ ရေးဆွဲတင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်ဆိုတာ အဲဒီအတိုင်း အဲဒီအချိန် နိုဝင်ဘာလ ၈ ရက်နေ့တုန်းက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတစ်ရပ်တည်းကိုပဲ ဆိုလိုပါတယ်။ ဒီအပိုဒ် ၄ ဟာဆိုရင် ကျွန်တော်တို့ အပိုဒ် ၇ နဲ့ ကျွန်တော်တို့ ချိတ်ဆက်နေတာဖြစ်ပါတယ်။ အပိုဒ် ၇ မှာ ဖော်ပြထားတာဆိုရင် ဤဥပဒေသည် ဒုတိယ အကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံတော်သမ္မတ၏ သက်တမ်းကာလအတွက်သာ ဖြစ်စေရမည် ဆိုတာဟာ ဒီလွှတ်တော်သက်တမ်းကာလ တစ်ရပ်တည်းကိုပဲ ရည်ညွှန်းတယ်ဆိုတာကို သိသာထင်ရှားပါတယ်။

ဒီလိုမျိုး ကျွန်တော်တို့ ပြင်ဆင်လိုက်မယ်ဆိုရင် အမြဲတမ်း အမြဲတမ်းကျင်းပနေတဲ့ ပါတီစုံဒီမို ကရေစီ အထွေထွေရွေးကောက်ပွဲရဲ့ အနိုင်ရပါတီ ဥက္ကဋ္ဌများကို ဒီအတိုင်ပင်ခံပုဂ္ဂိုလ်ရာထူးမှာ ကျွန်တော်တို့ ဒါအမြဲတမ်းခန့်ထားရေး ဆောင်ရွက်နေရမှာ ဖြစ်ပါတယ်။ ဒါဟာ နောင်လာမယ့် ရွေးကောက်ပွဲတွေနဲ့ နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ အများစုအနိုင်ရရှိခဲ့မယ့်ပါတီနဲ့ ပေါ်ပေါက်လာမယ့်လွှတ်တော် တွေက ဆောင်ရွက်ဖွယ်ရာကိစ္စသာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်ကြီးအနေနဲ့ ဆောင်ရွက်ရန် ကြိုတင်ပြီးတော့ ဆောင်ရွက်ထားရန် မသင့်မြတ်ပါဘူးလို့ တင်ပြလိုပါတယ်။ ဒီအတွက် မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ မူလအဆိုပြုချက်ကိုသာ အမျိုးသားလွှတ်တော်ကြီးက ပြည်သူတို့ရဲ့ ဆန္ဒနှင့်အညီ ထောက်ခံအတည်ပြုပေးကြပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲ ဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြုကြောင်းဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဆန္ဒမဲ ပေးပြီးပါပြီ။

ထောက်ခံမဲ ( ၁၃၅ ) မဲ၊ ကန့်ကွက်မဲ ( ၄၁ ) မဲ၊ ကြားနေမဲ ( ၃၃ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်ပါတယ်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တတိယ ပြင်ဆင်ချက်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်နိုင်က ဥပဒေကြမ်းရဲ့ အပိုဒ်(၇)ကို ပယ်ဖျက်ဖို့တင်ပြထားတာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းရဲ့ အပိုဒ်(၇) ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၇ မှာ ဖော်ညွှန်းထားတဲ့ ပြည်ထောင်စုလွှတ်တော်သည်

အာဏာပိုင်အဖွဲ့အစည်း တစ်ရပ်ရပ်အားလည်းကောင်း၊ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးအားလည်းကောင်း ဆိုတဲ့ အာဏာပိုင်ပုဂ္ဂိုလ်တစ်ဦးဦးလို့ ဖော်ပြထားတဲ့ ပြဋ္ဌာန်းချက်ကို အတိအကျ ကျွန်တော်တို့ ဒါ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ မနက်ကလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒကို ဖော်ထုတ်ပြီးတော့ သူတို့ရင်ထဲကဆန္ဒနဲ့ မဲပေးခဲ့ကြပါတယ်။ ဒီပြည်သူတွေရဲ့ လိုလားချက်ကို ကျွန်တော်တို့က ဖော်ဆောင် ပေးဖို့ဟာ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်တွေရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မိုလို့ ပြည်သူတွေအားလုံးက တစ်ခဲနက် ထောက်ခံယုံကြည်ကိုးစားတဲ့ လူထုခေါင်းဆောင်ကို ကျွန်တော်တို့ ဒီလွှတ်တော်သက်တမ်းမှာ တာဝန် ထမ်းဆောင်ခွင့် ရရှိစေရေးအတွက် ဒီဥပဒေကြမ်းကို ကျွန်တော်တို့ တင်သွင်းခဲ့ရခြင်း ဖြစ်ပါတယ်။ နောင်လာမယ့် လွှတ်တော်သက်တမ်းတွေကတော့ နောင်လာမယ့် အထွေထွေရွေးကောက်ပွဲများနဲ့ ပေါ်ပေါက်လာမယ့် လွှတ်တော်အဖွဲ့အစည်းများရဲ့ တာဝန်သာဖြစ်တဲ့အတွက်ကြောင့်မိုလို့ ကြိုတင်စီမံ ပြီးတော့ ဆောင်ရွက်ထားရန် မသင့်တဲ့အတွက်ကြောင့် ဒီအပိုဒ် ၇ ကိုလည်း မူလပြဋ္ဌာန်းချက်အတိုင်းသာ အမျိုးသားလွှတ်တော်ကြီးကနေပြီးတော့ ပြည်သူတို့ရဲ့သဘောဆန္ဒနဲ့အညီ အတည်ပြု ဆောင်ရွက်ပေးနိုင် ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို မူတည်ပြီး စက်ခလုတ်အသုံးပြု၍ မဲခွဲ ဆုံးဖြတ်မှာ ဖြစ်တဲ့အတွက် ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ပြု ကြောင်းဆုံးဖြတ်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဆန္ဒမဲ ပေးပြီးပါပြီ။

ထောက်ခံမဲ ( ၁၃၇ ) မဲ၊ ကန့်ကွက်မဲ( ၆၉) မဲ၊ ကြားနေမဲ (၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည် ဖြစ်ပါတယ်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၈ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉ နည်းဥပဒေခွဲ (တ) နည်းဥပဒေခွဲငယ် (၁) အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းဖြင့် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဆန္ဒမဲ ပေးပြီးပါပြီ။

ထောက်ခံမဲ ( ၁၃၃ ) မဲ၊ ကန့်ကွက်မဲ( ၇၀) မဲ၊ ကြားနေမဲ( ၅ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အဆို အတည်ဖြစ်ပါတယ်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်ပါတယ်။ အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဆိုင်ရာဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၅၆။**

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ အခု ကျွန်တော် တင်သွင်းခဲ့တဲ့ဥပဒေနဲ့

ပတ်သက်ပြီးတော့ ဥပဒေရဲ့အမည်၊ နိဒါန်းနဲ့ ဥပဒေပါ ပုဒ်မများဟာ ဥပဒေရဲ့အစိတ်အပိုင်းအဖြစ် အမျိုးသားလွှတ်တော်ကြီးက သဘောတူထားပြီးဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၅၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၅၇။**

**ဒေါ်ကျိန်ဝိုက်မန်၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)** ။ ။ အားလုံးပဲ မင်္ဂလာရှိသောနေ့ရက်လေးပါရှင်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအား ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်ပါစေလို့ ကျွန်မ ဦးစွာ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင့်။ လေးစားရပါသော ဥက္ကဋ္ဌကြီးရှင့် ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄)က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းကို ကျွန်မ ဒေါ်ကျိန်ဝိုက်မန် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇) တွန်းဇံမြို့နယ်၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို သဘောမတူတဲ့သူ ရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉ နည်းဥပဒေခွဲ (တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ဆန္ဒမဲ ပေးပြီးပါပြီ။

ထောက်ခံမဲ ( ၁၃၇ ) မဲ၊ ကန့်ကွက်မဲ( ၇၀) မဲ၊ ကြားနေမဲ( ၂ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆) ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၃း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]